## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၈/၂၀၂၃ )


## (၉.၈.၂၀၂၃ မှ ၁၅.၈.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန်လျာထားဧက (၂.၆၃) သန်းအပေါ် ၁၅.၇.၂၀၂၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၂.၄၇၁) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၉၆.**၃၄**)တင်းဖြင့် အထွက်တင်း(**၂၃၈.၁၄၆**)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးရန်လျာထားဧက (၁၄.၉၉)သန်းအပေါ် **၁၅.၇.၂၀၂၃** ရက်နေ့အထိ (**၇.၉၆၂**)သန်း (**၅၃.၁၃** %) စိုက်ပျိုးပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၀၈ ဟက်တာသန်း **(ဧက ၄၁၀.၂၂ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၈ မက်တန် **(၂၂၄ .၂၂ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၂၀.၄၉ သန်း **(စပါးတင်း ၂၄၉၃၆.၆၇ သန်း)** ဖြစ်ပါသည်။


၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဥ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုး အစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုး အစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၇၂၀၀၀၀ | ↑ ၁၇၅၀၀၀၀ | မနောသုခ(မိုး) | ၇၂၀၀၀ | ▬ ၇၂၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၆၀၀၀၀ | ▬ ၁၄၆၀၀၀၀ | မနောသုခ(နွေသစ်) | ၆၅၀၀၀ | ▬ ၆၅၀၀၀ |
| | | | | | | | | |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၇၃၈၀၀၀ | ↑ ၁၇၄၆၀၀၀ | ဧည့်မထ(မိုး) | ၆၇၀၀၀ | ↑ ၆၉၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၅၆၀၀၀ | ↑ ၁၆၆၃၀၀၀ | ဧည့်မထ(နွေသစ်) | ၆၁၀၀၀ | ↑ ၆၄၀၀၀ |
| | | | | | | | | |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ▬ ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၆၀၀၀ | ▬ ၆၆၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၅၇၀၀၀၀ | ↑ ၁၅၇၀၀၀၀ | | ၆၁၅၀၀ | ▬ ၆၁၅၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၀၀၀၀၀ | ▬ ၁၇၀၀၀၀၀ | ဧည့်မထ(မိုး) | ၆၅၀၀၀ | ▬ ၆၅၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၇၀၀၀၀ | ▬ ၁၃၇၀၀၀၀ | | ၅၇၅၀၀ | ▬ ၅၇၅၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၁၀၀၀၀၀ | ↑ ၂၂၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၇၀၀၀ | ↑ ၉၀၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၀၀၀၀၀၀ | ↑ ၂၀၅၀၀၀၀ | ဧည့်မထ(မိုး) | ၇၆၀၀၀ | ↑ ၈၀၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၀၀၀၀၀ | ↑ ၁၄၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၅၈၀၀၀ | ↑ ၆၀၀၀၀ |
| | | | | | | | | |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | ၂၇၀၀၀၀၀ | ▬ ၂၇၀၀၀၀၀ | ရေမင်း(မိုး) | ၁၂၅၀၀၀ | ↑ ၁၃၀၀၀၀ |
| | | | ရွှေဝါထွန်း(နွေသစ်) | ၁၇၀၀၀၀၀ | ↑ ၁၇၅၀၀၀၀ | ရွှေဝါထွန်း(နွေသစ်) | ၇၇၀၀၀ | ▬ ၇၇၀၀၀ |
| | | | | | | | | |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ▬ ၁၈၅၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၈၀၀၀၀ | ▬ ၈၀၀၀၀ |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၁၇၀၀၀၀၀ | ↑ ၁၇၈၀၀၀၀ | ဇီယာ(မိုး) | ၆၉၀၀၀ | ▬ ၆၉၀၀၀ |

စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု





ဆန်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု



၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂၄.၇.၂၃ | ၃၁.၇.၂၃ | ၇.၈.၂၃ | ၁၄.၈.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၄၉ | ၅၈၇ | ၅၈၇ | ⬆ ၆၆၄ |
| | | White Rice ၅% | ၅၃၄ | ၅၇၂ | ၅၇၂ | ⬆ ၆၄၈ |
| | | White Rice ၂၅% | ၅၁၂ | ၅၄၇ | ၅၄၇ | ⬆ ၆၁၂ |
| | | Parboiled Rice ၁၀၀% | ၅၃၄ | ၅၇၅ | ၅၇၅ | ⬆ ၆၅၁ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၁၇ | ၅၄၇ | ၅၄၇ | ⬆ ၆၂၂ |
| | | White Rice ၂၅% | ၄၉၇ | ၅၂၇ | ၅၂၇ | ⬆ ၆၀၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၂၂ | ၅၃၇ | ၅၃၇ | - |
| | | White Rice ၂၅% | ၄၇၇ | ၅၀၂ | ၅၀၂ | - |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၇၇ | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၅၀၀-၅၀၅ | ၅၀၅-၅၁၀ | ၅၁၀-၅၁၅ | ⬆ ၅၂၀-၅၂၅ |
| | | White Rice ၁၀% | ၄၉၀-၅၀၀ | ၄၉၅-၅၀၅ | ၅၀၀-၅၁၀ | ⬆ ၅၁၀-၅၂၅ |
| | | White Rice ၁၅% | ၄၈၀-၄၉၀ | ၄၈၅-၄၉၅ | ၄၉၀-၅၀၀ | ⬆ ၅၀၀-၅၁၀ |
| | | White Rice ၂၅% | ၄၆၅-၄၇၅ | ၄၇၀-၄၈၀ | ၄၇၅-၄၈၅ | ⬆ ၄၈၅-၄၉၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၁၄.၈.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၃.၅၁၅) သန်းဖြစ်ပါသည်။၂၀၂၃ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၀.၂၁၃) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၄.၈.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၁၄၄၇၂၂)၊ တန်ဘိုး (၆၉.၇၃၉) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ `ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၄၄၃၈၈၈)၊ တန်ဘိုး (၁၆၀.၇၅၅) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၂၉၉၁၆၅)၊ တန်ဘိုး (၉၁.၀၁၆) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၄၉၅ USD ဖြစ်သော်လည်း Earning ဈေး ၂၈၆၅ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၄၉၂ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုတားမြစ်ချက်သည် ထိုင်းဆန်ထုတ်လုပ်သူများအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး အိန္ဒိယဆန်ကို အမြောက်အများ စားသုံးသည့် အာဖရိကဒေသများသို့ တင်ပို့နေခြင်းကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများမြင့်တက်နေ၍ ပို့ကုန်ဆန်ဈေးနှုန်းများလည်း မြင့်တက်နေခြင်းဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံများတွင်လည်း ဆန်ရောင်းအားနည်းနေပြီး ဝယ်လိုအားရှိသဖြင့် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ပြည်တွင်း စပါး၊ ဆန် ဈေးကွက်၌ စပါးလက်ကျန်နည်းလာခြင်း၊ လှောင်လက်ကုန်သည်အချို့မှာ ဈေးကွက်အခြေအနေ စောင့်ကြည့်၍ အရောင်းထိန်းနေခြင်း ၊ ပြည်ပတင်ပို့ရန်နှင့် ပြည်တွင်းစားသုံးရန် ဝယ်လိုအားမြင့်တက်နေခြင်းတို့ကြောင့် မြို့နယ်အများစုတွင်စပါး၊ ဆန်ဈေးနှုန်းများတက်ခဲ့ပါသည်။ ကျန်မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိနေပြီး စပါး၊ ဆန်ဈေးနှုန်းများ တည်ငြိမ်နေကြောင်းသိရှိရပါသည်။